# 【အလုပ်ပြုတ်သွားတဲ့အလုပ်သင်လုပ်သားများ,ကျွမ်းကျင်လုပ်သားများအား】

ကိုရိုနာဗိုင်းရပ်စ်(Covid-19)ကြောင့် အလုပ်လက်မဲ့ဖြစ်တဲ့အလုပ်သင်လုပ်သားများနဲ့ကျွမ်းကျင်လုပ်သားများကတော့

သူတို့အခုလုပ်နေတဲ့အလုပ်နဲ့ကွဲပြားတဲ့အလုပ်မျိုးကိုလုပ်နိုင်တယ်ဆိုတဲ့စည်းမျဉ်းအသစ်က စတင်အတည်ဖြစ်လာပါပြီ။

ဂျပန့်လူဝင်မှုကြီးကြပ်ရေးဌာနက ဧပြီလ ၂၀ရက်နေ့ကနေ ဒီစည်းမျဉ်းအသစ်ကို စတင်ကျင့်သုံးနေပါတယ်။

အရင်ကတော့ အလုပ်သင်လုပ်သားများနဲ့ကျွမ်းကျင်လုပ်သားများက ဂျပန်မှာလုပ်နိုင်တဲ့အလုပ်ရဲ့အမျိုးအစားအပေါ်မှာ

ကန့်သတ်ချက်တွေရှိပါတယ်။ အဲဒီလိုသတ်မှတ်ထားတဲ့အလုပ်အပြင် ဘာအလုပ်မျိုးမှ လုပ်ခွင့်မရှိပါဘူး။

စည်းမျဉ်းအသစ်အရဆိုရင် ကိုရိုနာဗိုင်းရပ်စ်(Covid-19)ကြောင့် အလုပ်ပြုတ်တဲ့အလုပ်သင်လုပ်သားများနဲ့ကျွမ်းကျင်လုပ်သားများ

ဟာ အလုပ်အမျိုးအစားကိုပြောင်းလဲပြီး အလုပ်သစ်ကိုရွေးချယ်လုပ်ဆောင်နိုင်ပါတယ်။

အလုပ်သစ်ရရှိပြီဆိုရင် မိမိတို့ဗီဇာအမျိုးအစားက「အထူးသတ်မှတ်ထားတဲ့လှုပ်ရှားမှု」ဆိုတဲ့အရည်အချင်းကိုပြောင်းလဲပါတယ်။

ဒီအရည်အချင်းသစ်နဲ့ တစ်နှစ်တာ အလုပ်လုပ်နိုင်ပါတယ်။

လူဝင်မှုကြီးကြပ်ရေးဌာနဟာ ဂျပန်မှာအလုပ်လုပ်ချင်သေးတဲ့အလုပ်သင်လုပ်သားများ၊ကျွမ်းကျင်လုပ်သားများက

အလုပ်သစ်တွေရှာဖွေတွေ့ရှိနိုင်ဖို့ အကူအညီပေးသွားပါမယ်။。

စိုက်ပျိုးရေး၊သက်ကြီးရွယ်အိုတွေပြုစုစောင့်ရှောက်မှု စတဲ့ကုမ္ပဏီတွေ(လုပ်ငန်းရှင်တွေ)က လုပ်သားများလိုနေပါတယ်။

အဲဒီလုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်မိတ်ဆက်ပေးပါမယ်။

ပထမဦးစွာ မိမိတို့က「ဂျပန်မှာအလုပ်သစ်ရှာနေတယ်」ဆိုတဲ့အကြောင်းကို、「နိုင်ငံခြားသားအလုပ်သင်လုပ်သားများအဖွဲ့အစည်း」

ဒါမဟုတ်「လူဝင်မှုကြီးကြပ်ရေးဌာန」ကိုအကြောင်းကြားပြီးတိုင်ပင်ဆွေးနွေးပါ။

အဲဒီအခါမှာ အခုခင်ဗျားတို့အလုပ်လုပ်နေတဲ့ကုမ္ပဏီတွေ၊တာဝန်ရှိကြီးကြပ်ရေးအဖွဲ့တွေက သေချာပေါက်ကူညီပေးမှာဖြစ်ပါတယ်။

မူရင်းသတင်းဆောင်းပါးတွေ https://www.asahi.com/articles/ASN4K65XVN4KUTIL00P.html

ကိုးကားချက် :

「仕事がなくなった技能実習生、特定技能の人へ」（やさしい日本語ニュース／withhnews・朝日新聞　2020年4月18日）
URL: https://www.facebook.com/yasashiinews/posts/215082356600586?__tn__=-R

#となりの外国人
#TonariNoGaikokujin

翻訳：NPO法人 多言語センターFACIL
https://tcc117.jp/facil/
FACIL